ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး**

(၃၈)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၃ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၈ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀း၀၁။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၁။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးရဲ့ (၃၈)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရေစုစုပေါင်း ရဲ့ (၉၄.၅၇)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော် ဆိုင်ရာဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။(သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးရဲ့ (၃၈)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမ ပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ ၈-၆-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်

နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမင်းဦး က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)နှင့် ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)တို့ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၁၀)ဦးရှိပြီး၊ ယနေ့ ခွင့်ပန်ကြား သူ(၂)ဦးဖြစ်တဲ့အတွက် စုစုပေါင်းခွင့်ပန်ကြားသူ(၁၂)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်း နှင့် ယနေ့ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၂)ဦးအား ခွင့်အဖြစ်သတ်မှတ် ခွင့်ပြု ပေးနိုင်ပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာ ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး(၃၈)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၀)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၁၂)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်း နှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇**။

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းတဲ့ မေးခွန်းများမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယ ဝန်ကြီးက တစ်ခုချင်းဖြေကြားဖို့ ဖြစ်ပါတယ်။

## ဟိုပန်မြို့နယ် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းရှိ မော်ဟွေ့ကျေးရွာအုပ်စုနှင့် ဟင်းနားကျေးရွာတို့မှ ရေတိုက်စား ကမ်းပါးပြိုကျမှုများ အမြန်ဆုံးပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၈**။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင် က ဟိုပန်မြို့နယ် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းရှိ မော်ဟွေ့ကျေးရွာအုပ်စုနှင့် ဟင်းနားကျေးရွာတို့မှ ရေတိုက်စားကမ်းပါးပြိုကျမှုများ အမြန်ဆုံးပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈**။

**ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းစံအောင် ဖြစ်ပါတယ်။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဟိုပန်မြို့နယ် “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတွင် နိမ့်တိန်ချောင်းတည်ရှိပြီး ၎င်းချောင်းရေကြီးသည့် ဇွန်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလတို့တွင် ရေကြီးပြီးကမ်းပါးများ ရေတိုက်စားပြိုကျမှုကြောင့် တောင်သူလယ်သမားများမှာ လယ်ယာမဲ့၍ လုပ်ကိုင်စားသောက်ရန် မရှိသောကြောင့် ဆင်းရဲဒုက္ခခံစားနေရပါသည်။ ထိုရေတိုက်စားမှုကြောင့် ဟိုပန်မြို့နယ်၊ မော်ဟွေ့ကျေးရွာအုပ်စု၊ ဟင်းနားကျေးရွာရှိ လယ်ယာမြေများ နှစ်စဉ်ဧက(၂၀)ခန့် ပြိုကျခဲ့ရပါတယ်။

အဆိုပါပြိုကျခဲ့သော မြေယာများပြန်လည်ထပ်မံမပြိုကျနိုင်အောင် ရေကာတာများ အချိန်မီ ပြုလုပ်ပေးနိုင်ခြင်း ရှိ/မရှိ ဒုက္ခရောက်နေသော ပြည်သူများကိုယ်စား မေးမြန်းခြင်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကမ်းပါးပြိုကျပျက်စီးနေသော မြေယာများနှင့်အတူ အများပြည်သူများအကျိုးအလို့ငှာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်း မေးမြန်းခြင်း ဖြစ်ပါတယ်။ (က)ဟိုပန်မြို့နယ် "ဝ" ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်းရှိ မော်ဟွေ့ကျေးရွာအုပ်စုနှင့် ဟင်းနားကျေးရွာမှ ရေတိုက်စားကမ်းပါး ပြိုကျမှုများ အမြန်ဆုံးပြုလုပ်ပေးပါရန် အစီအစဉ် ရှိ/မရှိ၊ မည်သည့်အချိန်တွင် ပြုလုပ်ဆောင်ရွက် ပေးမည်ကို သိရှိ လိုကြောင်း မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ င/ခူရှည်ကျေးရွာအုပ်စု၊ င/ခူရှည်ဖွံ့ဖြိုးရေးတာတမံ၌ ပျက်စီးနေသော တာတမံဆည်ရိုးများကို ပြည်ထောင်စုအစိုးရမှ ပြန်လည် ဆည်ဖို့ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင် က ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ င/ခူရှည်ကျေးရွာအုပ်စု၊ င/ခူရှည်ဖွံ့ဖြိုးရေးတာတမံ ပျက်စီးနေသော တာတမံဆည်ရိုးများကို ပြည်ထောင်စုအစိုးရမှ ပြန်လည်ဆည်ဖို့ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးတက်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ အားလုံး မင်္ဂလာပါ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ အမျိုးသားလွှတ်တော် ဒုတိယအကြိမ် ကျင်းပသော (၃၈)ရက်မြောက်နေ့ကို တက်ရောက်လာသော ပြည်ထောင်စုဝန်ကြီးနဲ့ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သလိုက်ရပါတယ်ခင်ဗျား။

လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတက်ထွန်းအောင် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကျွန်တော်တို့ စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ တောင်သူလယ်သမား အကျိုးမေးခွန်းပဲ ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကျွန်တော်တို့ ပေါက်တောမြို့နယ်၊ င/ခူရှည်ကျေးရွာအုပ်စု၊ င/ခူရှည်ဖွံ့ဖြိုးရေးတာတမံ၌ ပျက်စီးနေသော တာတမံဆည်ရိုးများကို ပြည်ထောင်စုအစိုးရမှ ပြန်လည်ဆည်ဖို့ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းလိုတဲ့ မေးခွန်း ဖြစ်ပါတယ်။

ဒီမေးခွန်းနဲ့ ပတ်သက်လို့ အကျိုးအကြောင်းကို ကျွန်တော် အပိုဒ်(၆)ပိုဒ်နဲ့ ဖော်ပြသွားမှာ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပေါက်တောမြို့နယ်ဟာ ဘင်္ဂလားပင်လယ်အော်၏ မြောက်ဘက်တွင် တည်ရှိနေတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ နှစ်စဉ်နှစ်တိုင်း ဆားငန်ရေလွှမ်းမိုးမှုကို အစဉ်အမြဲတွေ့နေရသော မြို့နယ်တစ်မြို့နယ်လည်းဖြစ်ပါတယ်။ ကျွန်တော်တို့ ပေါက်တောမြို့နယ်ဟာ

စိုက်ပျိုးရေးကို အခြေခံသော လယ်ယာလုပ်ငန်းကို လုပ်ကိုင်လျက်ရှိတာကိုလည်း တွေ့ရမှာ ဖြစ်ပါတယ်။ စိုက်ပျိုးရေးတွင် ရေချိုရရှိရန်မှာလည်း အလွန်အရေးပါ ပါတယ်။ ရခိုင်ပြည်နယ်၏ မိုးရွာသွန်းနှုန်းမှာလည်း မိုးရေချိန်လက်မ(၂၀၀)ကျော် ရွာသွန်းလျက်ရှိတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ မိုးရေချိန်လက်မ(၂၀၀)ကျော် ရွာသွန်းတဲ့ ရခိုင်ပြည်နယ်ရှိ တောင်သူလယ်သမားများမှာ ဒီရွာသွန်းတဲ့ မိုးရေချိန်ကို ထိန်းသိမ်းထားနိုင်ရန် ရေချိုဆည်များ၊ ရေချိုချောင်းများကို ခေတ်အဆက်ဆက် အစိုးရများက တာဝန်ယူမှု၊ တာဝန်ခံမှုမရှိသည့်အတွက် တောင်သူလယ်သမားများမှာ လွန်စွာနစ်နာဆုံးရှုံးခဲ့ရပါတယ်။

ပေါက်တောမြို့နယ် င/ခူရှည်ကျေးရွာအုပ်စုရှိ င/ခူရှည်ဖွံ့ဖြိုးရေးတာတမံကို ပေါက်တောမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် ၁၉၈၀ခု၊ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် တည်ဆောက်ပေးခဲ့ပြီးလည်း ဖြစ်ပါတယ်။ အဲဒီတာတမံမှာ စိုက်ပျိုးဧက(၃၇၅၀)ဧကကို တောင်သူလယ်သမားများမှာ နှစ်ပေါင်းများစွာ လုပ်ကိုင်လာခဲ့တာ ထိန်းသိမ်းလာခဲ့တာ ဖြစ်ပါတယ်။ ဒီတာတမံဟာ တောင်သူလယ်သမားများ အစဥ်မပြတ် ထိန်းသိမ်းလာခဲ့သော်လည်း ကာလကြာရှည်ပြီဖြစ်သည့်အတွက် ဒီတာတမံကို ထိန်းသိမ်းရန် အခက်အခဲ ရှိနေပါတယ်။

ဒါကြောင့် တောင်သူလယ်သမားများ၏ တင်ပြချက်အရ ကျွန်တော်ဟာ ပထမအကြိမ်၊ ရခိုင်ပြည်နယ် လွှတ်တော်(၁၂)ကြိမ်မြောက် အစည်းအဝေးတွင် ကြယ်ပွင့်မပြမေးခွန်းကို ကျွန်တော်ကိုယ်တိုင် မေးမြန်းခဲ့ပါတယ်။ (၁၂)ကြိမ်မြောက် လွှတ်တော်မှာ ရခိုင်ပြည်နယ်အစိုးရ၏ ဖြေကြားချက်အရ တာတမံထိန်းသိမ်းခြင်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၌ ဖြည့်စွက်ရန်ပုံငွေ ဖြည့်သွင်းတင်ပြတောင်းခံသွားမယ်လို့ ဖြေကြားခဲ့ပါတယ်။ သို့သော်လည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ ပါဝင်သည်ကို မတွေ့ရခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်အစိုးရ၏၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်၌ ပထမခွင့်ပြုချက် ဘဏ္ဍာရေးနှစ်က (၁၃၈)ဘီလီယံပဲ ရရှိခဲ့တာကို တွေ့ရပါတယ်။ ဒါကြောင့် ဒေသဖွံ့ဖြိုးရေးတွေကို ထိထိရောက်ရောက် မဆောင်ရွက်နိုင်ခဲ့တာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။ အဲဒီတာတမံဟာ သဘာဝဘေးအန္တရာယ်ကြောင့် ပေ(၄၂၀၀)အနက်မှ အလျား (၂၀)ပေ၊ အနံ(၉)ပေ ကျိုးပေါက်သွားခဲ့တာကို တွေ့ရပါတယ်။ ဒါကြောင့် ၂၀၁၆ မိုးရာသီ စိုက်ပျိုးနိုင်ရန်အတွက် တောင်သူလယ်သမားများ စိုက်ပျိုးနိုင်ရန် ပြည်ထောင်စုအစိုးရမှ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံ ဖွံ့ဖြိုးရေးဦးစီးဌာနမှ အသုံးပြုခြင်းမရှိတော့သည့် (၀.၄၉)ဧကရှိ မြေနေရာတွင် မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့အုပ်ချုပ်ရေးမှူးရုံး မြေနေရာ အတွက် သတ်မှတ်ချထားပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဥ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်က လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံ ဖွံ့ဖြိုးရေးဦးစီးဌာနမှ အသုံးပြုခြင်းမရှိတော့သည့် (၀.၄၉)ဧကရှိ မြေနေရာတွင် မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့

အုပ်ချုပ်ရေးမှူးရုံး မြေနေရာအတွက် သတ်မှတ်ချထားပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ နှင့် ဧည့်သည်တော်များ မင်္ဂလာပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်း မမေးမီ ကျွန်တော့်အား မူလသတ်မှတ် ချိန်ထက်(၂)မိနစ် ထပ်ဆောင်းပေးပါရန် လေးစားစွာ တင်ပြတောင်းခံအပ်ပါတယ်။ အစီအစဉ်ပါ မေးခွန်းနှင့်ပတ်သက်၍ ဆက်လက်ရှင်းလင်း ပြောကြားသွားမှာ ဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန ၏ ၃၀-၃-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၅၆/၂၀၁၅ အရ မကွေးတိုင်းဒေသကြီး၊ မင်းဘူး ခရိုင်၊ စလင်းမြို့နယ်အတွင်း ဆင်ဖြူကျွန်း(၁)၊ ဆင်ဖြူကျွန်း(၂) ကျေးရွာအုပ်စုတို့အား စုစည်း၍ ရပ်ကွက်(၃)ရပ်ကွက်ပါသော ဆင်ဖြူကျွန်းမြို့အဖြစ် တိုးချဲ့ဖွဲ့စည်းခဲ့ပါသည်။ ထို့အတူ ပြည်ထဲရေး ဝန်ကြီး ဌာနရဲ့ ၁၀-၁၂-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၇၂၈/၂၀၁၅ အရ ဆင်ဖြူကျွန်းမြို့ အုပ်ချုပ်ရေးရုံးအား ဝန်ထမ်း(၁၇)ဦးဖြင့် ဖွဲ့စည်းခန့်ထားရန် ခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။ ဒါပေမဲ့ ရုံးတည် ဆောက်ရန် မြေနေရာမရှိသဖြင့် ဆင်ဖြူကျွန်းမြို့အဝင် စလင်း-မင်းဘူး ကားလမ်းဘေးရှိ ကွင်းအမှတ်(၄၄၂)၊ ယမ်းဘိုကုန်းကွင်း၊ ဦးပိုင်အမှတ်(၇၄/၂)၊ (၇၇)၊ (၇၈)အတွင်းရှိ စက်မှုသီးနှံ ဖွံ့ဖြိုးရေးဦးစီးဌာနမှအသုံးပြုခြင်းမရှိတော့သည့် (၀.၄၉)ဧကမြေကွက်လပ်တွင် ရုံးဆောက်ရန်အတွက် အဆင်ပြေဆုံးနေရာ ဖြစ်ပါတယ်။ ၅-၁၁-၂၀၁၅ ရက်နေ့ ယခင်နိုင်ငံတော် သမ္မတဦးသိန်းစိန် ခရီးစဉ် အတွင်း လက်ရှိမြေနေရာ အသုံးချခြင်းအား ပြန်လည်စိစစ်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ဝန်ခံ ကတိပြောကြားသွားပါတယ်။

အဆိုပါမြေနေရာနဲ့ပတ်သက်လို့ သမိုင်းကိုတင်ပြရမယ်ဆိုရင် ၂၇-၉-၁၉၉၁ ရက်စွဲဖြင့် မကွေးတိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ စက်ရုံစုအမှတ်(၆)၊ အလုပ်ရုံခွဲမှူး ဦးမြင့်ဆွေ အမည်ဖြင့် လ/န-၃၉ ခွင့်ပြုမိန့်အရ မြေဧရိယာ (၃.၆၄)ဧကကို ဆင်ဖြူကျွန်း ဝါကြိတ်စက်ရုံ တည်ဆောက်ရန် အခြားနည်း အသုံးပြုခွင့် ရရှိထားသောမြေကွက် ဖြစ်ပါတယ်။ ယင်းဧရိယာ (၃.၆၄)ဧကအနက် ဧက (၀.၃၇)ဧကကို ၁၉၉၁ ခုနှစ်မှစ၍ စိုက်ပျိုးရေးဌာန ရှေ့တန်းရုံးအဖြစ် အသုံး ပြုကာ ကျန်(၃.၂၇)ဧကကို ၁၉၉၄-၁၉၉၅ ခုနှစ်တွင် မြန်မာ့ဝါနှင့်ပိုးချည်လုပ်ငန်း စက်မှုဝန်ကြီးဌာန ထံမှ လွှဲပြောင်းရယူကာ ဝါကြိတ်စက်ရုံအဖြစ် ဆက်လက် အသုံးပြုခဲ့ပါတယ်။၂၀၁၁ခုနှစ်၊ မြန်မာ့ဝါ လုပ်ငန်း စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန အမည်ပြောင်းလဲ ဖွဲ့စည်းခဲ့ရာ ဝါကြိတ်စက်ရုံမြေ (၃.၂၇)ဧက အနက် (၂.၇၈)ဧကကို Shwe Chain Manufacturing အား ၂၅-၉-၂၀၁၄ မှ ၂၄-၉-၂၀၁၉ အထိ (၅)နှစ်သက်တမ်း စာချုပ်ဖြင့် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ ငှားရမ်းထားကာ ကျန်ရှိသော မြေဧရိယာ(၀.၄၉)ဧကကို တိုးချဲ့ပညာပေးစခန်းရုံး မြေနေရာအဖြစ် ချန်လှပ်ထားကြောင်း သိရှိရပါ တယ်။

ဒါပေမဲ့ ဒီနေရာမှာ လက်ရှိ တစ်စုံတစ်ရာအသုံးပြုခြင်းမရှိပါ၍ အဆိုပါမြေနေရာအား မြို့နယ် အုပ်ချုပ်ရေးရုံးအတွက် အသင့်တင့်ဆုံး၊ အဆင်ပြေဆုံးနေရာဖြစ်ပါတယ်။ သို့ပါ၍ ဥက္ကဋ္ဌကြီးမှ

တစ်ဆင့် မေးမြန်းလိုသည်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေး ဦးစီးဌာနမှ အသုံးပြုခြင်းမရှိတော့သည့် (၁.၄၉)ဧကမြေနေရာတွင် မကွေးတိုင်းဒေသကြီး၊ စလင်း မြို့နယ်၊ ဆင်ဖြူကျွန်းမြို့ အုပ်ချုပ်ရေးမှူးရုံး မြေနေရာအတွက် သတ်မှတ်ချထားပေးနိုင်ခြင်း ရှိ/မရှိ ဆင်ဖြူကျွန်း မြို့ လူထုကိုယ်စား မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ပုဏ္ဏားကျွန်းမြို့နယ်၊ ကံပြင်ကျေးရွာ၊ ကျွဲခိုးမော်ကွင်းအမှတ်(၅၀၃) ဒီရေတားတာတမံအား ဆည်ဖို့ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ် က ပုဏ္ဏားကျွန်းမြို့နယ်၊ ကံပြင်ကျေးရွာ၊ ကျွဲခိုးမော်ကွင်းအမှတ်(၅၀၃) ဒီရေတားတာတမံအား ဆည်ဖို့ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ် ဖြစ်ပါတယ်။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီမေးခွန်း ပုဏ္ဏားကျွန်းမြို့နယ်၊ ကံပြင်ကျေးရွာ၊ ကျွဲခိုးမော်ကွင်းအမှတ်(၅၀၃) ဒီရေတား တာတမံအား ဆည်ဖို့ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတာကို ၂၀၁၄ ခုနှစ်၊ ပြီးခဲ့တဲ့ အမျိုးသားလွှတ်တော်မှာ မေးမြန်း ခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ လုပ်ပေးမယ်ဆိုပြီးတော့ ရခိုင်ပြည်နယ် ဝန်ကြီးချုပ်က ကတိ ပေးပြီးတော့ ဖြေကြားခဲ့ပါတယ်။ အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကလည်း မှတ်တမ်းတင်ထားခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီနှစ်မှာ လုပ်မပေး ခဲ့ပါဘူး။ ၂၀၁၆-၂၀၁၇ ဘတ်ဂျက်မှာလည်း ထည့်မပေးခဲ့ပါဘူး။ အခု ၂၀၁၇-၂၀၁၈ ဘတ်ဂျက်မှာ ဘဏ္ဍာရေးအတွက် ရည်မှန်းပြီးတော့ မေးမြန်းရခြင်း ဖြစ်ပါတယ်။

ဒီတာတမံသမိုင်းကို ပြန်ကြည့်လို့ရှိရင် လွန်ခဲ့တဲ့အနှစ်(၂၀)ကျော်(၃၀)နီးပါးက လမ်းစဉ် ပါတီခေတ်က ဆည်ပေးခဲ့တာ ဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာ ဆည်ခဲ့တာ လုံးဝမရှိတဲ့အတွက် တာတမံ ဟာ တော်တော်ပျက်စီးသွားပါတယ်။ ၂၀၁၄ ခုနှစ်မှာ စိုက်ဧကရဲ့တစ်ဝက် ပျက်စီးသွားပါတယ်။ ၂၀၁၅ ခုနှစ်မှာလည်း စိုက်ဧကအားလုံး ရေငန်ဝင်ရောက်သွားပါတယ်။ အခု ၂၀၁၆ မှာလည်း မိုးကြီးတဲ့ အတွက် အဲဒီတာတမံထဲက လယ်ယာမြေတွေဟာ အကုန်လုံး ရေမြုပ်လို့ ရှိနေပါတယ်။ ကျွန်တော့်ဆီ ဖုန်းဆက်လို့ ဓာတ်ပုံလည်း ပို့ပေးလိုက်ပါဆိုပြီးတော့ တောင်းထားဆဲ ဖြစ်ပါတယ်။ ဒီတာတမံကို ဆည်ပေးရင် ရရှိနိုင်မယ့် အကျိုးက အခုလောလောဆယ် တစ်ဧက အထွက်နှုန်း (၂၅)တင်း၊ (၃၀)လောက် ရှိပါတယ်။ တာတမံဆည်ပေးရင် တစ်ဧကမှာ (၅၀၊၆၀)တင်းလောက် ထွက်မယ်လို့ လယ်သမားတွေက ပြောပါတယ်။ နောက်ပြီး အကျိုးကျေးဇူးတစ်ခုက ဒီလက်ရှိ စိုက်ပျိုးနေတာက ဧက(၂၀၀)ဝန်းကျင်ပဲ ရှိပါတယ်။ တကယ်လို့ ဒီတာတမံ ဆည်ပေးလိုက်လို့ရှိရင် လယ်ဧက(၆၈၀)လောက် ဖြစ်လာမှာ ဖြစ်ပါ တယ်။ အဲဒါကြောင့် ဒီတာတမံကို မှီပြီးတော့နေတဲ့ ရွာ(၂)ရွာ၊ (၃)ရွာရဲ့ စီးပွားရေးဘဝ၊ လူမှုရေး

ဘဝဟာ ဒီတာတမံကို ဆည်ပေးလိုက်ရင် အကြီးအကျယ် ပြောင်းလဲသွားမှာဖြစ်တဲ့အတွက် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၄။**

**ဒေါက်တာထွန်းဝင်း (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဒီနေ့ အမျိုးသားလွှတ်တော်မှာ လွှတ်တော်အရပ်ရပ်ကနေပြီးတော့မှ မေးထားတဲ့ မေးခွန်း (၄)ရပ်နဲ့ ပတ်သက်ပြီးတော့ ဖြေကြားဖို့လာတဲ့ လယ်ယာစိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်း ဖြစ်ပါတယ်။

ပထမဦးဆုံး မေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ် အမှတ်(၁၂)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံအောင် ရဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ ဟိုပန်မြို့နယ် "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနဲ့ မော်ဟွေ့ကျေးရွာအုပ်စု ဟင်းနားကျေးရွာတို့မှ ရေတိုက်စားကမ်းပါးပြိုကျမှုများ အမြန်ဆုံး ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဖြေကြားရမယ်ဆိုလို့ရှိရင်တော့ ဟိုပန်မြို့နယ် "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းရှိ မော်ဟွေ့ကျေးရွာအုပ်စု ဟင်းနားကျေးရွာမှာ နမ့်တိန်ချောင်း ရေတိုက်စားပြီးတော့ ချောင်းကမ်းပါး အရှည်(၂၇၀၀)ပေခန့် ပြိုကျခဲ့သဖြင့် လယ်ယာမြေများ ဆုံးရှုံးလျက်ရှိသောကြောင့် ကမ်းပြိုမှုကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။ အဆိုပါလုပ်ငန်းမှာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၏ စီမံခန့်ခွဲမှု အောက်ရှိ လုပ်ငန်းမဟုတ်ပါ။ အဆိုပါ နေရာသို့ ဌာနမှ တာဝန်ရှိသူများ သွားရောက်ကြည့်ရှု လေ့လာခဲ့မှုအရ ကမ်းပြိုမှုများ ကာကွယ်ရန်အတွက် ကျောက်စီမြေထိန်းနံရံ တည်ဆောက်ခြင်း၊ ရေလွှဲနှုန်းဖမ်းတန်းများ တည်ဆောက်ခြင်းနှင့် စသည့်လုပ်ငန်းများကို ချောင်းရေအနည်းဆုံးအချိန်တွင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း စိစစ်ရရှိခဲ့ပါသည်။

အဆိုပါ ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်း၍ လိုအပ်သည့် အသေးစိတ် ကွင်းဆင်းတိုင်းတာခြင်း လုပ်ငန်းများဆောင်ရွက်ပြီး ခန့်မှန်းကုန်ကျငွေအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရ၏ မူလရန်ပုံငွေတွင် တင်ပြတောင်းခံ၍ ရန်ပုံငွေရရှိမှုအပေါ် အခြေခံပြီးတော့ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၏ လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်းပြီးတော့ ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဖြေကြားရမယ်ဆိုလို့ရှိရင်တော့ ရခိုင်ပြည်နယ် အမှတ်(၂) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတက်ထွန်းအောင် ၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ င/ခူရှည်ကျေးရွာအုပ်စု၊ င/ခူရှည် ဖွံ့ဖြိုးရေးတာတမံ၌ ပျက်စီးနေသော တာတမံဆည်ရိုးများကို ပြည်ထောင်စုအစိုးရမှ ပြန်လည်ဆည်ဖို့ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ ပတ်သက်ပြီးတော့ ဖြေကြားရမယ်ဆိုလို့ရှိရင် ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ င/ခူရှည် ကျေးရွာအုပ်စု၊ င/ခူရှည် ဖွံ့ဖြိုးရေးတာဟာ ၁၉၈၀ခုနှစ်တွင် တည်ဆောက်ပေးခဲ့ပြီး ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနက ထိန်းသိမ်းထားခြင်းမရှိဘဲ ကျေးရွာမှ ထိန်းသိမ်းထားသော လယ်သမားတာ (ရေငန်တားတာ) ဖြစ်ပါတယ်။ င/ခူရှည် လယ်သမားတာသည် အလျား(၃၈၇၀၀)ပေခန့် ရှည်လျားပြီးတော့ လယ်မြေဧက (၃၆၅၅)ဧက ခန့်အား ရေငန်ဝင်ရောက်ခြင်းမှ ကာကွယ်ပေးနိုင်ရန် တည်ဆောက်ထားခြင်း ဖြစ်ပါတယ်။ နှစ်ကာလကြာမြင့်သည်နှင့်အမျှ ကျေးရွာမှ ထိန်းသိမ်းမှုအားနည်းခြင်းကြောင့်လည်းကောင်း၊ ရေငန် ငါးပုစွန်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများမှ ဆားငန်ရေသွင်းရန်တာရိုးများအား ချိုးဖောက်မှုကြောင့် လည်းကောင်း၊ တာရိုးများကျိုးပေါက်ပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

င/ခူရှည် လယ်သမားတာမှာ အဓိက ဦးစားပေးအနေဖြင့် လယ်မြေများ ရေငန်ဝင်ရောက်မှုမရှိစေရန် ကာကွယ်တည်ဆောက်ပေးထားခြင်းဖြစ်သော်လည်း လက်ရှိအခြေအနေအရ ကာကွယ်ဧရိယာအတွင်းမှာ ရေငန်ငါးပုစွန် မွေးမြူရေးလုပ်ငန်းရှင်များနှင့် လယ်သမားများအကြား မပြေလည်မှုများ မြေယာပိုင်ဆိုင်မှု အငြင်းပွားမှုများ ဖြစ်ပေါ်လျက်ရှိပြီး ရခိုင်ပြည်နယ်အတွင်းရှိ အခြားရေငန်တာများတွင်လည်း အလားတူ ပြဿနာများ ဖြစ်ပေါ်လျက်ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းနဲ့ စပ်လျဉ်းပြီးတော့ တောင်သူလယ်သမားများ မိုးစပါးစိုက်ပျိုးနိုင်ရန်၊ ရေငန်ဝင်ရောက်မှုမှ ကာကွယ်ပေးနိုင်ရန် င/ခူရှည် လယ်သမားတာကို ပြုပြင်ဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း စိစစ်တွေ့ရှိရပြီးတော့ တာပုံစံကျ ပြုပြင်ခြင်းလုပ်ငန်းအပြင် (၄.၅)ပေ၊ (၁၀)ပေ (၃)ပေါက် ရေတံခါးတစ်ခု ပြုပြင်ပေးရမည်ဖြစ်သည့်အတွက် ခန့်မှန်းကုန်ကျငွေ ကျပ်သန်း(၂၉၀)ခန့် လိုအပ်မည် ဖြစ်ပါတယ်။ သို့သော် တာပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် ရေငန် ငါးပုစွန် မွေးမြူရေးလုပ်ငန်းရှင်များနှင့်လယ်သမားများအကြား ဖြစ်ပေါ်နေသည့် မပြေလည်မှုများ အပေါ် ဦးစွာ ဖြေရှင်းညှိနှိုင်းဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ င/ခူရှည် လယ်သမားတာ၏ ကာကွယ်ဧရိယာအတွင်းရှိ ရေငန်ငါးပုစွန်မွေးမြူရေး လုပ်ငန်းရှင်များနဲ့ လယ်သမားများအကြား ဖြစ်ပွားနေသည့် မပြေလည်မှုများနှင့် အငြင်းပွားမှုများကို ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်သည့် ဌာနဆိုင်ရာ အဖွဲ့အစည်းတို့မှ ဒေသခံ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းရှင်များနဲ့ ညှိနှိုင်းဆောင်ရွက်ပြီးနောက် မူလဦးစားပေး ရည်ရွယ်ချက်အတိုင်း မိုးစပါးစိုက်ပျိုးမြေများ၊ ရေငန်ဝင်ရောက်မှုမှ ကာကွယ်ပေးနိုင်ရေး အတွက် င/ခူရှည် လယ်သမားတာပြုပြင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးနိုင်ရန် ၂၀၁၇-၂၀၁၈ခုနှစ်၊ ဘဏ္ဍာနှစ်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ရန်ပုံငွေ တင်ပြတောင်းခံ၍ ရန်ပုံငွေ ရရှိမှုအပေါ် အခြေခံပြီးတော့ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်

ဖြစ်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဖြေကြားချက်နဲ့အတူ ပေါင်းစပ်ရှင်းလင်း ဖြေကြားအပ်ပါတယ်။

တတိယမေးခွန်းဖြစ်တဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင် ရဲ့ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ အသုံးပြုခြင်းမရှိတော့တဲ့ (၀.၄၉)ဧက ရှိ မြေနေရာတွင် ဆင်ဖြူကျွန်း အုပ်ချုပ်ရေးမှူးရုံးမြေနေရာအတွက် သတ်မှတ်ချထားပေးနိုင်ခြင်း ရှိ/မရှိနဲ့ ပတ်သက်တဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ဖြေကြားရမယ်ဆိုလို့ရှိရင်တော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနပိုင် မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းရှိ ဆင်ဖြူကျွန်း ဝါကြိတ်စက်ရုံသည် မြေစာရင်းပုံစံ (၁၀၅)အရ စုစုပေါင်း (၃.၂၇)ဧကရှိပြီးတော့ ထိုမြေဧရိယာမှ (၂.၇၈)ဧကအား Shwe Chain Manufacturing Co.Ltd သို့ ၂၅-၉-၂၀၁၄ ရက်နေ့မှစ၍ ငှားရမ်းခဲ့ပြီးတော့ ကျန်မြေ(၀.၄၉)ဧကအား ဝါသီးနှံပညာပေးစခန်းမြေအဖြစ် အသုံးပြုရန်ချန်လှပ်ထားခဲ့ပါတယ်။

အဆိုပါ ချန်လှပ်ထားခဲ့တဲ့ ဝါသီးနှံပညာပေးစခန်းမြေ (၀.၄၉)ဧကအား လက်ရှိအခြေအနေအရ အသုံးပြုထားခြင်း မရှိသည့်အပြင် ဝါကြိတ်စက်ရုံအား လုပ်ငန်းထပ်မံတိုးချဲ့ဆောင်ရွက်ရန် အစီအစဉ် မရှိသေးပါသဖြင့် ဆင်ဖြူကျွန်းမြို့နယ်၊ အုပ်ချုပ်ရေးမှူး မြေနေရာအတွက် အသုံးပြုမည်ဆိုပါက ဌာနအနေဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံပေးနိုင်မည် ဖြစ်ပါကြောင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး မြေနေရာအဖြစ် သတ်မှတ်ဆောင်ရွက်နိုင်ရန်ကိစ္စအတွက် သက်ဆိုင်ရာဌာနမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံတော်သို့ တင်ပြလျှောက်ထားရန် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

နောက်ဆုံးမေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ် အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ် ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီးတော့ ဖြေကြားရမယ်ဆိုလို့ရှိရင် ဒီမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား ကျွန်တော် ဖြေကြားသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းကတော့ ပုဏ္ဏားကျွန်းမြို့နယ်၊ ကံပြင်ကျေးရွာ၊ ကွဲခိုးမော်ကွင်း အမှတ် (၅၀၃) ဒီရေတား တာတမံအား ဆည်ဖို့ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်တာ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဖြေကြားရမယ်ဆိုလို့ရှိရင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရဲ့ ဖြေကြားထားချက်အရ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ကံပြင်ကျေးရွာ၊ ကွဲခိုးမော်ကွင်းအမှတ် (၅၀၃)ဒီရေတား တာတမံအား ၁၉၇၆ခုနှစ်တွင် နိုင်ငံတော် ရန်ပုံငွေဖြင့် ဆည်ဖို့ခဲ့ပြီး၊ အကျိုးပြုကျေးရွာ (၇)ရွာ ရှိပါတယ်။ ၎င်းဒီရေတား တာတမံမှာ အလျား(၁၄)မိုင်နဲ့ (၅)ပေ(၆)ပေ (၂)ပေါက် ကွန်ကရစ်တံခါး (၃)လုံး တည်ဆောက်ပေးရမည်ဖြစ်ပြီး အဆိုပါ တာတမံအား ဆည်ဖို့ရန် ၂၀၁၅-၂၀၁၆ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ရန်ပုံငွေနှင့် ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတို့တွင် လျာထားပါဝင်ခြင်း မရှိသေးပါ၍ ပုဏ္ဏားကျွန်းမြို့နယ်၊ ကံပြင်ကျေးရွာ၊ ကွဲခိုးမော်ကွင်းအမှတ် (၅၀၃)ဒီရေတား တာတမံအား ဆည်ဖို့နိုင်ရန် ၂၀၁၇-၂၀၁၈ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ ရန်ပုံငွေတွင် လျာထားပြီးတော့ ရန်ပုံငွေ ရရှိမှုအပေါ်မှာ မူတည်ပြီးတော့ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း နောက်ဆုံး ကျွန်တော် ဖြေကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက်ဖြေကြားပေးတဲ့ ဒုတိယဝန်ကြီး မိမိ အစီအစဉ် ပြီးဆုံးလျှင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**

။ ။ ဆည်မြောင်းတွေနဲ့ပတ်သက်လို့ ကျွန်တော်တို့ နိုင်ငံတော်မှာ ဒီအစဉ်အလာ ရှိခဲ့ပါတယ်။ အစဉ်အလာက မိုးတွင်းမှာဆည်ရေတွေကို မိုးစိုက်လယ်သမားတွေအတွက် စပါးစိုက်လယ်သမားတွေအတွက် လိုအပ်ရင် ဒီလိုအပ်တဲ့နေရာမှာ သုံးလို့မရတဲ့ အနေအထားတွေ ရှိပါတယ်။ ဒီအနေအထားတွေဟာ နိုင်ငံတော်ရဲ့ ဆန်စပါး ထုတ်လုပ်ရေးမှာ အတားအဆီးတစ်ခု ဖြစ်ပါတယ်။ တကယ်တော့ မိုးတွင်းမှာလည်း မိုးတွင်းအလျောက် မိုးရေမလုံလောက်တဲ့အတွက် ဆည်ရေ ဆည်အမျိုးအစားအမျိုးမျိုးမှာ နိုင်ငံအနှံ့အပြားမှာ လယ်သမားတွေဟာ စိုက်ချိန်အမျိုးမျိုးမှာ ရေလိုအပ်မှုရှိပါတယ်။ ဒီလိုရှိတဲ့ ရေလိုအပ်မှုအတွက် ဆည်ရဲ့ အစဉ်အလာအရ ရှိခဲ့တဲ့မိုးရေ ဒီမိုးတွင်းမှာရှိတဲ့ ဆည်ရေကို ဒီမိုးမှာ စိုက်တဲ့ အဓိကစိုက်တဲ့ ဆန်စပါး လုပ်ငန်းမှာ အဓိကမထားဘဲနဲ့ သူက နွေမှာ စိုက်ဖို့ဆိုပြီးတော့ ကန့်သတ်လျာထားချက်တွေ နေရာအနှံ့အပြားမှာ ရှိတယ်။ ရှိတဲ့အတွက် ကျွန်တော်တို့မှာက မိုးတွင်းမှာ စိုက်ပျိုးထုတ်လုပ်တဲ့ ဆန်စပါးမှာ လုပ်ငန်းမှာ အများကြီး ထိခိုက်မှု၊ နှောင့်ယှက်မှု လယ်သမားတွေကိုယ်တိုင်ရေတင်ပြီးတော့ တခြားနည်းနဲ့ ဆောင်ရွက်တဲ့အတွက် ကုန်ကျစရိတ်တွေများပြီးတော့ ဒီဆည်ရေက မိုးတွင်းမှာ မပေးနိုင်တဲ့အနေအထား ကန့်သတ်ချက်ကြောင့် ကျွန်တော်တို့ရဲ့ မိုးတွင်းစပါးထုတ်လုပ်မှုဟာ အများကြီး ထိခိုက်လျက်ရှိပါတယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့ ဆည်နဲ့ပတ်သက်ပြီး မိုးတွင်းမှာ ရေမပေးရတဲ့မူဝါဒကို အခုအချိန်ကစပြီး ကျွန်တော်တို့ဟာ မိုးတွင်းမှာ စိုက်သမျှဆည်ရေနဲ့သုံးတဲ့ ဆန်စပါး စိုက်ပျိုးလုပ်ငန်းတွေကို ကျွန်တော်တို့က လိုအပ်ရင် လိုအပ်တဲ့အချိန်မှာ အချိန်မီလယ်သမားတွေကို ကျွန်တော်တို့ ကျေးရွာအုပ်ချုပ်ရေး အဆင့်ဆင့်မှာရှိတဲ့ ရေနဲ့ ပတ်သက်တဲ့အစီအမံလုပ်တဲ့ အဖွဲ့အစည်းအားလုံးနဲ့ ညှိနှိုင်းပြီးတော့ ရေကိုအရင်လို ကျွန်တော်တို့က နွေစိုက်ပျိုးဖို့အတွက်သော်လည်းကောင်း၊ လူကြီးများ လာလို့ရှိရင် ပြဖို့အတွက်လည်းကောင်း၊ စုဆောင်းထားခြင်းမျိုးဆိုတဲ့ ဒီလိုမျိုး အလုပ်မဖြစ်တဲ့ လုပ်ငန်းတွေကို ပယ်ဖျက်ပြီးတော့ ယနေ့ ကျွန်တော် အခုကျွန်တော် ဆွေးနွေးတဲ့အချိန်ကစပြီးတော့ ဆည်ရေသောက်တဲ့ တောင်သူလယ်သမားတိုင်း တစ်တိုင်းပြည်လုံးမှာရှိတဲ့ တောင်သူလယ်သမားတိုင်းဟာ ဒီဆည်ရေကို မိုးမှာ စိုက်တဲ့ စပါးသီးနှံအတွက်ကို လိုအပ်ရင် လိုအပ်သလို နေရာတိုင်းမှာ လိုအပ်သလို ထုတ်ပြီးတော့ သုံးစွဲလို့ရတယ်ဆိုတာကို ကျွန်တော် ဖြေကြားလိုပါတယ်။

ဒုတိယအချက်က အရေးကြီးတာက ဒီဆည်ရေကို စိုးရိမ်သောကနဲ့ ဒီလိုမျိုးသိမ်းဆည်းထားတဲ့အတွက် အနှောင့်အယှက်တွေကို ကျွန်တော်တို့ ဒီလို ဖြေရှင်းပြီးတဲ့အပြင် ဒီဆည်ရေမှာ ကျန်ရှိမယ့်ကာလ နွေရာသီအတွက် ကျန်ရှိတဲ့ရေနဲ့ပတ်သက်ပြီးတော့လည်း ကျွန်တော် ရှင်းလင်းပြောပြရမယ်ဆိုလို့ရှိရင် စပါးသီးနှံ သက်သက်ကိုပဲ ကျွန်တော်တို့ ရည်ရွယ်တာမဟုတ်ဘဲနဲ့ အခုကျွန်တော်တို့ရဲ့ နိုင်ငံတော် အစိုးရသစ်ရဲ့မူအရ ဘယ်သီးနှံမဆို အကျိုးရှိတဲ့ သီးနှံကိုအကျိုးရှိသလို လယ်သမားရဲ့ စိတ်ကြိုက်စိုက်ခွင့်ရှိထားတဲ့အတွက် နွေမှာစိုက်တဲ့ ဆည်ရေသောက် လယ်မြေတွေဟာ ဒေသအမျိုးမျိုးအလိုက်မှာ အစီအမံအမျိုးမျိုးနဲ့ ကိုယ့်ရဲ့အကျိုးရှိတဲ့သီးနှံ ဥပမာ နှမ်းဆိုလို့ရှိရင် စပါးထက်နှစ်ဆ ဈေးနှုန်းရှိပါတယ်။ နှစ်ဆပိုပြီး မြတ်ပါတယ်။ ဧရိယာအားဖြင့် နှမ်း၊ မြေပဲ၊ နှမ်းနဲ့ ပတ်သက်လို့ ပဲမျိုးစုံသီးနှံတွေဟာ စပါးထက် ဧရိယာ(၆)ဆ ပိုပြီးတော့ စပါးတစ်ဧကမှာ နှမ်း (၆)ဧကနဲ့ ပဲမျိုးစုံ (၆) ဧက စိုက်လို့ရပါတယ်။ စပါးရဲ့ ရေလိုအပ်ချက်နဲ့ ပဲနှမ်းတွေ ရေလိုအပ်ချက်(၆)ဆ ကွာပါတယ်။

သို့သော် ပဲနှမ်းတွေရဲ့ ဈေးနှုန်းဟာ စပါးဈေးနှုန်းထက် ဈေးနှုန်းနှစ်ဆပိုပြီးတော့ အကျိုးအမြတ် ရှိပါတယ်။ အဲဒီတော့ ဒီဒေသတွေမှာ ကျွန်တော်တို့ ဖြစ်စေချင်တာကတော့ လယ်သမားရဲ့ ဈေးကွက် စီးပွားရေးမူအရ အကျိုးရှိတဲ့ လုပ်ငန်း အကျိုးရှိသလို ကျွန်တော်တို့ စီမံဆောင်ရွက်ခွင့်ပေးပြီးတဲ့အခါမှာ ဒီနွေမှာရှိတဲ့ ဆည်ရေသောက်လုပ်ငန်းတွေအားလုံးကို လွတ်လပ်စွာ ဒီဆည်မှာ ဆည်ကို ပိုင်ဆိုင်တဲ့ ကျေးရွာ တွေရဲ့ စီမံခန့်ခွဲမှုအတိုင်း လွတ်လွတ်လပ်လပ် အကျိုးရှိတဲ့ သီးနှံတွေကို အကျိုးရှိသလို စီမံဆောင်ရွက်နိုင်ပါကြောင်း ကျွန်တော် တင်ပြလိုပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ**။ ။ ရှင်းလင်းပြောကြားသွားတဲ့ ဒုတိယဝန်ကြီးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ကလည်း ဒုတိယဝန်ကြီး ပြောကြားသွားတဲ့အပေါ်မှာ သေချာမှတ်ထားပြီးတော့ မိမိတို့ ဆည်ရေသောက်တဲ့နေရာတွေနဲ့ ပတ်သက်တဲ့ ကိုယ်စားလှယ်တွေ မိမိတို့ဒေသတွေမှာ ပြန်လည်တင်ပြပြီးတော့ မဆောင်ရွက်ရင် မဆောင်ရွက်နိုင်သလို ခင်ဗျားတို့ တင်ပြဆောင်ရွက်နိုင်ဖို့ အသိပေးလိုက်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း အမည်စာရင်းတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူးက တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲမင်္ဂလာပါခင်ဗျား။ အဂတိ လိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီးတော့ အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ရန်အတွက် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူးဖြစ်တဲ့ ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး က ဥပဒေကြမ်းရဲ့ အမည်ကနေစပြီးတော့ တင်ပြမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်အတည်ပြုထားတဲ့ -

**အဂတိ လိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ**

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် )**

၁၃၇၈ ခုနှစ်၊ လ ရက်

(၂၀၁၆ ခုနှစ် ၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်

ဒီဥပဒေကြမ်းအမည်ကို အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဆက်လက်ပြီးတော့ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်ဖြစ်တဲ့ အပိုဒ် ၁ ကို တင်ပြပါမယ်။

၁။ ဤဥပဒေကို အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

ဒီတင်ပြချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းရဲ့ အပိုဒ် ၂ ကို တင်ပြပါမယ်။

ဥပဒေကြမ်းရဲ့ အပိုဒ် ၂ ကိုတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအနေနဲ့ ပြင်ဆင်ထားတာ ဖြစ်ပါတယ်။ ပြင်ဆင်ချက်အနေနဲ့ကတော့ -

၂။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅ တွင် ပါရှိသော အဖွဲ့ဝင် ငါးဦးစီကို ဆိုသည့် စကားရပ်ကို ငါးဦးစီထက် မပိုသော အရေအတွက် တူညီသည့် အဖွဲ့ဝင်များကို ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

ဒီပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်ပေးနိုင်ဖို့အတွက် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့အပိုဒ် ၃ ဖြစ်ပါတယ်။ ဥပဒေကြမ်းရဲ့ အပိုဒ် ၃ ကိုတော့ ပြည်သူ့လွှတ်တော်က အဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုထားတာ ဖြစ်ပါတယ်။

၃။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ (က)တွင် ပါရှိသော ရွေးချယ်ထားသည့် အဖွဲ့ဝင်စုစုပေါင်း (၁၅)ဦး၏ ဆိုသည့်စကားရပ်ကို ရွေးချယ်ထားသည့် အဖွဲ့ဝင်များ၏ ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ကို အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြု ဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ဖြစ်သည်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး (၃၈)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၃၉)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး (၃၉)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ ဇွန်လ ၉ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ကို ၁၀း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။]